ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး**

(၃၀)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၈ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၅ ရက်**

**( ၂၀၁၆ ခုနှစ်၊ မေလ ၂၆ ရက် )**

**[ကြာသပတေးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ အဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူး အဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## **အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေးရဲ့ (၃၀)ရက်မြောက် နေ့အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀) ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၁)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၆)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၉၃.၂၁)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေးရဲ့ (၃၀)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။အစီအစဉ်(၄)ဖြစ်ပါတယ်။အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၂။**

**ဦးမင်းဦး၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ ၂၆-၅-၂၀၁၆ ရက်နေ့မှာအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း

မရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား ပဲခူးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော် အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမင်းဦး က ပန်ကြားသွားမှာ ဖြစ်ပါတယ်။ ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များမှာ ဦးခင်အောင်မြင့်၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)။ ဗိုလ်မှူးသန်းထွန်းမြင့် တပ်မတော်သား ကိုယ်စားလှယ်တို့ ဖြစ်ကြပါ တယ်။ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၁၃)ဦး ရှိပြီး၊ ယနေ့ ခွင့်ပန်ကြားသူ (၂)ဦး ဖြစ်တဲ့အတွက် စုစုပေါင်းခွင့်ပန်ကြားသူ(၁၅)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးအား ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် လေးစားစွာပန်ကြား အပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၁)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၁၅)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်းအစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းထားတဲ့ မေးခွန်းများဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖလမ်းမြို့ပေါ်တွင် ရေအလုံအလောက် ရရှိနိုင်ရန်အတွက် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးကြီးများဖြင့် ရေသွယ်ယူပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း က ဖလမ်းမြို့ပေါ်တွင် ရေအလုံအလောက် ရရှိနိုင်ရန်အတွက် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးကြီး များဖြင့် ရေသွယ်ယူပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိနှင့် စပ်လျဉ်းတဲ့မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးနဲ့ ပြည်ထောင်စုဒုတိယဝန်ကြီး ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဖလမ်းမြို့ပေါ်ရေအလုံအလောက် ရရှိနိုင်ရေးအတွက် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံးကြီးများဖြင့် ရေသွယ်ယူပေးနိုင်ရေးအတွက် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက် ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းသွားမှာ ဖြစ်ပါတယ်။ အကယ်၍ အချိန်မလုံလောက်ပါက အချိန်ပိုပေးနိုင်ပါရန် တင်ပြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဖလမ်းမြို့ပေါ်နေ လူဦးရေဟာ တစ်နေ့တစ်ခြား တိုးတက်လာပြီးတော့ တစ်ချိန်တည်းမှာပဲ မြို့ပေါ်ရေ ပေးဝေရေးအတွက် သယ်ယူတဲ့ ရေထွက်များဟာလည်း တစ်နှစ်ပြီး တစ်နှစ် တဖြည်းဖြည်း ခန်းခြောက်လာပါတယ်။ ဖလမ်းမြို့ဟာဆိုရင် ခရိုင်မြို့ ဖြစ်ပြီးတော့ မြို့ပေါ်နေ လူဦးရေများအပြင် သူနာပြုကျောင်း၊ စိုက်သိပ္ပံကျောင်း၊ အိမ်တွင်းမှုကျောင်း၊ န.တ.လကျောင်းနှင့် ခရစ်ယာန်


ဓမ္မကျောင်း စသည့် လူအင်အားများသည့် အဖွဲ့အစည်းများရှိတဲ့မြို့တစ်မြို့ ဖြစ်ပါတယ်။ ကျွန်တော်တို့ ဖလမ်းမြို့ဟာဆိုရင် ရေအလုံအလောက် မရရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ယခုနှစ် နွေရာသီမှာဆိုရင် ကျွန်တော်တို့ မြို့ပေါ်မှာ ရေကို တစ်ပီပါမှာ ကျပ်တစ်သောင်းလောက်နဲ့ဝယ်ရတဲ့ အနေအထားမှာ ရောက်ရှိခဲ့ပါတယ်။

ဒါကြောင့် ကျွန်တော်က ဒီတင်ပြချင်တာကတော့ ယခုလက်ရှိမှာ နေထိုင်တဲ့ လူအများ ရေအလုံအလောက် ရရှိနိုင်ရေးနဲ့ နောင်တိုးတက်လာမယ့် လူဦးရေများ၊ ပြီးတော့ အခု ကျွန်တော်တို့ မြို့သစ်မြို့ပြစီမံကိန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အစီအစဥ် ရှိပါတယ်။ ဒီအတွက် အလုံအလောက် ရေရရှိနိုင်ရန် လိုင်ဗားရေလှောင်တမံမှ ရေသွယ်ပေးနိုင်ရန် တောင်းဆိုခြင်း ဖြစ်ပါတယ်။ ကျေးဇူးပြုပြီးတော့ Slideဟုတ်ကဲ့။ ဒီဟာဆိုရင်ကျွန်တော်တို့ ဖလမ်းမြို့နယ်မှာရှိတဲ့ လိုင်ဗားရေလှောင်တမံ ဖြစ်ပါတယ်။ ဒီဖလမ်းမြို့ကနေ မိုင်(၂၀)အကွာမှာ ရှိပြီးတော့ တစ်ခါစုတဲ့အချိန်မှာ ရေဂါလန် သန်းပေါင်း (၅၀၀)ခန့် စုနိုင်ပါတယ်။ ဒီရေလှောင်တမံရဲ့ အောက်မှာဆိုရင် ကျွန်တော်တို့ ဒီရေလှောင်တမံကနေ အရင်တုန်းကဆိုရင် လျှပ်စစ် ဟားခါးနဲ့ ထန်တလန်ကို ပေးပါတယ်။ အခုဟာ မဟာဓာတ်အားလိုင်း ရရှိပြီဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ ဒါမလိုအပ်တော့ပါဘူး။ နောက် Slide တစ်ခုပြပေးပါ။ ဒီအောက်ကနေ ရေသွယ်ယူပြီးတော့ ဒီရေသွယ်ယူတဲ့နေရာဆိုရင် ပင်လယ်ရေအမြင့်(၆၂၆၃)ပေ ရှိပါတယ်။

**ဥက္ကဋ္ဌ**။ ။ နှစ်မိနစ်ကိုထပ်ပေးမယ်။ နှစ်မိနစ်ပြီးအောင်မေးပါ။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဟုတ်။ နောက် Slide ပြပေးပါ။ ဒီကနေ ဒီလိုဖလမ်းမြို့နဲ့ ဒီအခုလုံပီးနဲ့ အဲဒီအနီးတဝိုက်မှာ မြို့ပြစီမံကိန်းအတွက်ဟာ ဒီလိုရေသွယ်ပေးယူနိုင်မယ်ဆိုပါက ကျွန်တော်တို့ ဖလမ်းမြို့မှာလည်း ရေအလုံအလောက် ရရှိလာနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တင်ပြချင်တာကတော့ ဒီနိုင်ငံတော်သမ္မတရဲ့ သီးသန့်ရန်ပုံငွေဖြင့် ကျွန်တော်တို့ ဖလမ်းမြို့ပေါ်မှာ ရေအလုံအလောက်ရရှိနိုင်ရေး သွယ်ယူပေးနိုင်ရန် စီစဥ်ပေးနိုင်ခြင်း ရှိ/မရှိ မေးမြန်းတင်ပြခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

လိုင်ဗားရေလှောင်တမံ မြင်ကွင်းပုံ (င)




ရေသွယ်သည့်ပိုက်လိုင်း မြင်ကွင်းပုံ (င-၁)



လိုင်ဗားရေလှောင်တမံမှ ဖလမ်းသို့ ရေသွယ်ယူနိုင်မည့်မြေပုံ (င-၂)




**ရသေ့တောင်မြို့နယ်၊ မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ် က ရသေ့တောင်မြို့နယ်၊ မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)။** ။ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ရင်း ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)က ဦးခင်မောင်လတ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ဒီမေးခွန်းကို မေးတာက အရင်ခြံပြီးတော့တစ်ခါ နောက် စာနဲ့တစ်ခါ၊ နောက်အခုဆိုရင်တတိယမြောက်မေးခွန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီမေးခွန်းက ရသေ့တောင်မြို့နယ်၊ မိညိုထောင့်ကျေးရွာ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ် ရှိပါသလား ဆိုတဲ့မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းကိုမေးတဲ့ စာနဲ့မေးတဲ့အခါ ပြည်ထောင်စုဝန်ကြီးက ၂၀၁၅-၂၀၁၆ မှာ လုပ်ပေးမယ်ဆိုပြီးတော့ ကတိပေးခဲ့ပါတယ်။ သို့သော်လည်း အဲဒီနှစ် မပါခဲ့ပါဘူး။ နောက်တစ်နှစ် ၂၀၁၆-၂၀၁၇ ဘတ်ဂျက်ရေးဆွဲတဲ့အခါလည်း မပါ ပါဘူး။ အဲဒါနဲ့အခု ပြန်ပြီးတော့ တတိယအကြိမ်မြောက် မေးတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ရသေ့တောင်မြို့နယ်ဟာ မြစ်ကြီးနှစ်စင်း ကြားမှာရှိတဲ့အတွက် ချောင်း၊ မြောင်းတွေ ပေါပါတယ်။ မိုးတွင်းကာလမှာ ရေချိုပေါပါတယ်။ မိုးကုန်တာနဲ့ အဲဒီရေချိုတွေ မရှိတော့ပါဘူး။ ဘာလို့လဲ ဆိုတော့ မိုးကုန်တာနဲ့ ပင်လယ်က ဒီရေတွေတိုးပြီးတော့ အဲဒီရွာတွေအနားမှာရှိတဲ့ ချောင်းတွေ၊ မြောင်းတွေ အကုန်လုံး ဆားငန်ရေတွေ ဝင်ပါတယ်။ ဆိုတော့ မိုးကုန်ခါနီးမှာ အဲဒီတမံတွေကို ပိတ်ပြီးတော့ ကျွဲ၊ နွားတွေ သောက်ဖို့လုပ်ရပါတယ်။ တချို့ရွာတွေမှာကျတော့ အဲဒီတမံရဲ့ အဖျားပိုင်းမှာ ကန်လေးတွေလုပ်ပြီးတော့ လူတွေလည်း သောက်ရပါတယ်။ နွေကာလမှာ အဲဒီကျွဲ၊ နွားတွေ ရေချိုမသောက်ရဘူးဆိုလို့ရှိရင် ဒီနွေလွန်ပြီး မိုးကျလို့ လယ်ထွန်တာနဲ့ အဲဒီကျွဲ၊ နွားတွေဟာ အသက်မရှည်ပါဘူး။ ကျွဲနွားဆိုတာကလည်း လယ်သမားတွေရဲ့ ပိုင်ဆိုင်မှု ဓနဥစ္စာတစ်မျိုး ဖြစ်ပါတယ်။ အဲဒါကြောင့် ရေချိုကမ်းပိုင်တွေဟာ ရသေ့တောင်မြို့နယ်မှာ ရှိတဲ့ ကျေးရွာတွေမှာ အဓိက ဒီဆန်စပါး ထုတ်လုပ်ရေးမှာ အရေးကြီးတဲ့ ကမ်းပိုင်တွေ ဖြစ်ပါတယ်။ နောက်တစ်ခုက ဒီရေချိုကမ်းပိုင်တွေဟာ တစ်ရွာနဲ့တစ်ရွာ လာတဲ့အခါ အဓိက ကျေးရွာဆက်လမ်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ရခိုင်ဒေသမှာ ကျေးရွာဆက်လမ်းတွေဟာ တော်တော်နည်းပါတယ်။ မရှိသလောက်ပါပဲ။ လမ်း ဒီနှစ်တည်ဆောက်လိုက်ပြီဆိုရင်လည်း မိုးနဲ့လေနဲ့တိုက်လိုက်လို့ရှိရင် အဲဒီလမ်းဟာ နောက်တစ်နှစ်ထိမခံပါဘူး။ ဆိုတော့ ဒီနှစ်ရွာကြားမှာရှိတဲ့ ဒီကမ်းပိုင်ကို ဆယ်လိုက်ခြင်းအားဖြင့် ဒီရေချိုရသလို အဓိက အဲဒီဒေသတဝိုက်မှာ ရှိတဲ့ရွာပေါင်း (၁၅)ရွာက ဖွင့်ပြီးတော့ အဲဒီလမ်းကို အသုံးပြုလို့ရပါတယ်။ အခု ကျွန်တော် တောင်းတဲ့ ဒီရေချိုကမ်းပိုင်ရဲ့ သက်တမ်းကလည်း ရွာရဲ့ သက်တမ်းနဲ့စာရင် နှစ်ပေါင်း (၂၀၀)ကျော် သက်တမ်း ရှိပါပြီ။ ဟိုတုန်းကတော့ ရွာပေါင်းလေးငါးရွာ ပေါင်းပြီးတော့ အဲဒါကို ဆည်တမံ ပိတ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ (၂)မိနစ်ပေးမယ်။ (၂)မိနစ်အတွင်း ပြီးအောင်မေးပါ။ အဆုံးသတ်ပါ။

**ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)**။ ။ လူအားနဲ့ မနိုင်တဲ့အတွက် အခု နိုင်ငံတော်အစိုးရဆီက အကူအညီတောင်းရခြင်း ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၂။**

**ဒေါက်တာထွန်းဝင်း (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အပေါင်းတို့ခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ်အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ချင်းပြည်နယ်အစိုးရရဲ့ ဖြေကြားရှင်းလင်းချက်ကို ကိုယ်စားပြုဖြေကြားမယ့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရဲ့ ဒုတိယဝန်ကြီး ဒေါက်တာထွန်းဝင်း ဖြစ်ပါတယ်။

ပထမဦးဆုံး ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ဖြေကြားရမယ်ဆိုလို့ရှိရင်တော့ ဖလမ်းမြို့ပေါ်မှာရှိတဲ့ လက်ရှိသောက်သုံးရေ ဖြန့်ဝေမှု အခြေအနေမှာ အမှတ်(၁)ရပ်ကွက်နေ လူဦးရေ (၂၂၅၅)ဦး အတွက် တလန်လဲင်း စမ်းချောင်း (၁၂)မိုင်ရေထွက် မှ (၁)ရက်လျှင် ရေဖြန့်ဝေမှု (၃၀၂၄၀) ဂါလန်ခန့်၊ ရေလွှမ်းခြုံမှု (၆၇)ရာခိုင်နှုန်းရှိပြီး (၃)ရက်တစ်ကြိမ်ဖြင့်လည်းကောင်း၊ အမှတ်(၂)ရပ်ကွက်နေ လူဦးရေ (၂၁၂၆)အတွက် ထွာန်းနှင့် ကျန်ဇန်းစမ်းချောင်း(၈)မိုင်ရေထွက်မှ တစ်ရက်လျှင် ရေဖြန့်ဝေမှု (၂၅၉၂၀) ဂါလန်၊ ရေလွှမ်းခြုံမှု(၆၁)ရာခိုင်နှုန်းရှိပြီး (၃)ရက်တစ်ကြိမ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ရပ်ကွက်နေ လူဦးရေ(၂၁၅၄)ဦးအတွက် ဇာထီရ်စမ်းချောင်း (၇)မိုင်၊ (၄)ဖာလုံ ရေထွက်မှ (၁)ရက်လျှင် ရေဖြန့်ဝေမှု ဂါလန်(၃၀၀၀၀)ခန့်၊ ရေလွှမ်းခြုံမှု(၇၀)ရာခိုင်နှုန်းရှိပြီး (၂)ရက်လျှင် တစ်ကြိမ်ဖြင့်လည်းကောင်း၊ မြို့တွင်း ရေထွက်ငယ်(၁၂)ခုမှ အနီးအနားပတ်ဝန်းကျင်နေ လူဦးရေ(၂၂၅၄)ဦးအတွက် ရေဖြန့်ဝေမှု (၃၄၅၆၀) ဂါလန်ခန့်၊ ရေလွှမ်းခြုံမှု(၇၇)ရာခိုင်နှုန်းရှိပြီး၊ (၃)ရက်တစ်ကြိမ်ဖြင့်လည်းကောင်း၊ စုစုပေါင်းရေဖြန့်ဝေမှု ဂါလန်(၁၂၀၇၂၀)ဂါလန်ခန့်၊ ရေလွှမ်းခြုံမှု(၆၈)ရာခိုင်နှုန်းရှိပြီး ဖလမ်းမြို့ပေါ်ရှိ ရပ်ကွက်(၄)ခုနေ လူဦးရေ စုစုပေါင်း(၈၇၈၉)ဦးတို့အတွက် သောက်သုံးရေ ဖြန့်ဝေပေးလျက်ရှိပါသည်။

ဒါနဲ့ပတ်သက်ပြီးတော့ ချင်းပြည်နယ်အစိုးရရဲ့ ဖြေကြားချက်ကတော့ ဖလမ်းမြို့ပေါ် သောက်သုံးရေ ရရှိနိုင်ရေးအတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်သမ္မတ၏ သီးသန့် ရန်ပုံငွေ ချထားပေးခြင်းမရှိသော်လည်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေ ကျပ်(၁၅၀)သန်းဖြင့် ရောလ်ဆဲတ် စမ်းချောင်း(၁၀)မိုင်မှ (၄)လက်မ ပီဗွီစီပိုက်ဖြင့် ရေသွယ်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၎င်း ရောလ်ဆဲတ်စမ်းချောင်းမှ ရေသွယ်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက (၁)ရက်လျှင် ဂါလန် (၂၀၀၀၀)ရေထွက်နိုင်မည်ဖြစ်ပြီး အမှတ်(၁)နှင့်(၂)ရပ်ကွက်နေ လူဦးရေ (၁၁၈၈)ဦးအတွက် ရေဖြန့်ဝေ ပေးပြီးလျှင် ရေလွှမ်းခြုံမှု(၈၄)ရာခိုင်နှုန်း ရရှိနိုင်မည်ဖြစ်ကြောင်းနှင့် လိုင်ဗားရေလှောင်တမံမှ ပိုက်လုံး ကြီးများဖြင့် ရေသွယ်ပေးယူနိုင်ရန် လတ်တလော အစီအစဉ်မရှိသေးပါကြောင်း ရှင်းလင်းဖြေကြား အပ်ပါသည်။ ဒါကတော့ ပြည်နယ်အစိုးရရဲ့ ဖြေကြားချက်ဖြစ်ပါတယ်။

ကျွန်တော် ဖြည့်စွက်ပြီးတော့ တင်ပြရမယ်ဆိုရင်တော့ ကျွန်တော်တို့ဌာနမှာ ကျေးလက် ဒေသဖွံ့ဖြိုးရေးစီမံကိန်းဌာန တစ်ခုရှိပါတယ်။ သူကတော့ ကျေးလက်တွေရဲ့ ရေ၊ မီးနဲ့ လမ်းကို အဓိက ထားလုပ်တဲ့အတွက် တကယ်လို့ ကျွန်တော်တို့မှာ နိုင်ငံတကာရဲ့ အကူအညီ ကျွန်တော်တို့ Private Donation တွေ အခါမလပ် ရှိလာပါမယ်။ ရှိလာတဲ့အခါမှာ ဒီလိုတင်ပြထားတဲ့ အခက်အခဲရှိတဲ့နေရာ တွေ၊ ဒေသတွေရဲ့အခက်အခဲကို ကျွန်တော်တို့ ဦးစားပေးပြီးတော့ ဖြေရှင်းသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်။

ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ ရခိုင်ပြည်နယ်အစိုးရရဲ့ ရှင်းလင်းဖြေကြားချက်ကို ကျွန်တော်က ကိုယ်စား ဖြေကြားသွားမှာ ဖြစ်ပါတယ်။ သူရဲ့မေးခွန်းကတော့ ရသေ့တောင်မြို့နယ်၊ မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် အစီအစဉ်ရှိ/မရှိဆိုတဲ့ မေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းနဲ့ ပတ်သက်ပြီးတော့ ရခိုင်ပြည်နယ် အစိုးရက ဖြေကြားထားတာကတော့ ရခိုင်ပြည်နယ်၊ ရသေ့တောင်မြို့နယ်၊ မိညိုထောင့်ကျေးရွာဟာ မြစ်ကြီးနှစ်စင်းအကြား တည်ရှိပြီးတော့ ချောင်း၊ အင်းအိုင် ပေါများသောကြောင့် မိုးရာသီ၌ ဆားငန်ရေများ ကြီးစိုးပြီး လယ်သမားများပိုင် ကျွဲ၊ နွားများ ရေချို

ဝအောင် သောက်သုံးရန် အခက်အခဲရှိသောကြောင့် မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)ကို ပြုပြင်ပေးရန် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေတွင် လျာထားပါဝင်ခြင်း မရှိသေးပါကြောင်းနှင့် အဆိုပါ မိညိုထောင့်ကျေးရွာ၊ ကမ်းပိုင်(ရေချိုတမံ)သည် ရသေ့တောင်မြို့နယ်၊ မေယုတောင်ခြေရင်းအနီးရှိ ဆိပ်ကြီးချောင်းနှင့် တစ်ဆက်တစ်စပ်တည်း တည်ရှိပြီး ဒေသခံပြည်သူ လူထုအတွက် အမှန်တကယ် အကျိုးပြုမည်ဆိုပါက မြေပြင်အခြေအနေအား ကွင်းဆင်းစိစစ်၍ တည်ဆောက်မည့် ကုန်ကျစရိတ်နှင့် အသေးစိတ်အချက်အလက်များအား ၂၀၁၇-၂၀၁၈ဘဏ္ဍာရေးနှစ်၊ ပြည်နယ်အစိုးရရန်ပုံငွေတွင် ဦးစားပေးအလိုက် လျာထားဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းရှင်းလင်း ဖြေကြားအပ်ပါသည်။ ဒါကတော့ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်ဖြစ်ပါတယ်။

ကျွန်တော်က ဖြည့်စွက်ဆွေးနွေးချင်တာကတော့ ဒါကမြေပြန့်ဖြစ်တဲ့ ရသေ့တောင်မြို့နယ် ဖြစ်ပါတယ်။ တကယ်တော့ ကျွန်တော်တို့ စိုက်ပျိုးရေးသမားတစ်ယောက်အနေနဲ့ကတော့ ရခိုင် ပြည်နယ်ဟာ တကယ်တော့ ရခိုင်ကမ်းမြောင်တစ်လျှောက်ဟာ ရခိုင်ရိုးမနဲ့ ယှဉ်ပြီးတော့ ပင်လယ်နဲ့ ကြားထဲမှာရှိနေတဲ့ မြေပြန့်လွင်ပြင်တစ်လျှောက်ပါ။ ကျွန်တော်တို့က ရေဟာ သောက်သုံးရေရော၊ စိုက်ပျိုးရေရော ဘယ်အခါမှာ လိုအပ်သလဲဆိုတော့ နွေအခါမှာ လိုအပ်ပါတယ်။ ဒီအခါမှာ လိုအပ်တဲ့ ရေအတွက်ကို ပေးနိုင်တဲ့ Water Source ကတော့ အပြည့်အဝရှိပါတယ်။ ဒါကတော့ ရခိုင် ကမ်းမြောင်ဒေသမှာ ထိုးပြီးဆင်းနေတဲ့ အနောက်ရိုးမတောင်တန်းကြီးရဲ့ တောင်စွယ်၊ တောင်တန်းများ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်လို့ ရခိုင်ဒေသမှာ ရခိုင်ပြည်နယ်မှာရှိတဲ့ ရခိုင်ပြည်နယ် အစိုးရနဲ့တကွ ရခိုင် ပြည်နယ်မှာ တာဝန်ရှိတဲ့ ယခုလို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက အဲဒီဒေသ တစ်လျှောက်မှာ အဆင်ပြေမယ့် ဆည်မြောင်းတွေ ဆောက်လုပ်ဖို့ကို ရှိမယ်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ကို ဆက်လက် တင်ပြပေးပြီးတော့ ကျွန်တော်တို့ရဲ့ နိုင်ငံတော်ရဲ့ ဆည်မြောင်းစီမံကိန်းမှာ ပြည်တွင်းမှာရှိတဲ့ ဆည်မြောင်းတွေက လုံလောက်ပြီဖြစ်တဲ့အတွက် ပြည်နယ်ဒေသတွေမှာ ဒီလို လိုအပ်တဲ့ ရခိုင်ဒေသလို ရေအရင်းအမြစ်ရှိတဲ့ တောင်တန်း၊ တောင်စွယ်တွေမှာ ကျွန်တော်တို့ အကျိုးရှိတဲ့ ဆည်မြောင်းများ ဆက်လက်ဆောက်လုပ်သွားဖို့ ကျွန်တော်မှာ အကြံဉာဏ်ရှိပါတယ်။ ဒါကိုလည်း ကျွန်တော်တို့နဲ့ဆိုင်တဲ့ အစိုးရကိုလည်း တင်ပြမှာပါ။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ထပ်ဆင့်မေးခွန်း မေးခွင့်ပေးတယ်။

**ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလို ထပ်ဆင့်မေးခွင့်ပြုတဲ့အတွက် အများကြီး ကျေးဇူးတင်ကြောင်း ပြောကြားလိုပါတယ်။ ယခုလို ပြည်ထောင်စုဒုတိယဝန်ကြီးက ကျွန်တော်တို့ဖြည့်စွက်ပေးမယ့် အစီအစဉ်ဖြေကြားပေးတဲ့အတွက်များစွာ ဝမ်းသာပါကြောင်း အရင်ဆုံးပြောကြားလိုပါတယ်။ သို့သော်လည်းပဲ ဥက္ကဋ္ဌကြီးခင်ဗျား။ အခု မြို့ပေါ်မှာ ရေလွှမ်းခြုံမှုကို တွက်ချက်တဲ့ ပုံစံမှာတော့ အင်မတန်မှ နည်းပါတယ်။ အခုဖြည့်ဆည်းပေးမယ့် အခြေ အနေမှာလည်း ဒီလောက်နည်းနည်းလေးနဲ့ တွက်တာတောင်မှ (၈၀)ရာခိုင်နှုန်းလောက်ပဲ ကျွန်တော်တို့ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ကျွန်တော်တို့ မြို့ပေါ်မှာ ဒီရေအလုံအလောက် ရရှိနိုင်ဖို့ဆိုရင် လိုင်ဗား ရေလှောင်တမံက သွယ်ယူမှသာ ရရှိနိုင်မှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ သန့်ရှင်းတဲ့ ရေအလုံအလောက် ရရှိနိုင်ရေးက အင်မတန်မှ အရေးကြီးပါတယ်။ အဲဒီလိုမျိုးမရလို့သာ ကျွန်တော် တို့က ရောဂါမျိုးစုံလည်း ဖြစ်ပွားလာပြီးတော့ ကျွန်တော်တို့ မတိုးတက်နိုင်တာလည်း ဖြစ်ပါတယ်။ အခု

နိုင်ငံတကာမှာလည်း Bill of rights မှာ Access of clean water ဆိုတာ အင်မတန်အလေးထား ပါတယ်။

အဲဒါကြောင့် ကျွန်တော်တို့ နောင်မှာ ဒီ အဲဒီလိုမျိုး ရေလှောင်တမံကနေ သွယ်ယူပေးနိုင်မှသာ ကျွန်တော်တို့ မြို့ပေါ်မှာ လုံလောက်တဲ့ သန့်ရှင်းရေ ရရှိနိုင်မှာဖြစ်ပါတယ်ဆိုတာကို ထပ်မံပြီးတော့ တင်ပြချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဖြေကြားဖို့ ရှိပါသလား။

**ဒေါက်တာထွန်းဝင်း(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)** ။ ။ ကိုယ်စားလှယ်တော်ကြီး တင်ပြတာကတော့ တကယ်ကို သောက်သုံးရေအခက်အခဲဖြစ်တဲ့အတွက် သိပ်ပြီးတော့ ကြီးမားတဲ့ ပြဿနာမရှိပါဘူး။ ဘာကြောင့်လဲဆိုတော့ Water Source က ကျွန်တော်တို့က Gravity Flow နဲ့ တောင်ပေါ်ကနေ ခုနပြောတဲ့ လိုင်ဗားတောင်ပေါ်ကနေ သွယ်ချပေးရင် ရောက်တဲ့အတွက် ဘာမှ Energy လည်း မကုန်ဘူး။ ဒီဥစ္စာဘာပဲလိုသလဲဆိုတော့ ကျွန်တော်တို့က ပိုက်လိုင်းပဲလိုတယ်။ ဒီ ပိုက်လိုင်းနဲ့ပတ်သက်တဲ့ ကုန်ကျစရိတ်ကလည်း သေသေချာချာကို Size ကိုလည်း လျှော့လိုက်မယ်။ ရေရောက်ဖို့ပဲ အရေးကြီးတယ်ဆို တောင်ပေါ်ကနေ ရေက တောက်လျှောက် ဆင်းမှာဖြစ်တဲ့အတွက် Size ကြီးကြီးလည်း မလိုဘူး။ အမြဲတမ်းသူက ရေကို ဒီဥစ္စာ အလွန်အားကောင်းတဲ့ ဆည်ကြီးကနေ ချမှာဖြစ်တဲ့အတွက် ဒါနဲ့ပတ်သက်ပြီး Syphon နဲ့ ချမှာဖြစ်တဲ့အတွက် သိပ်ကြီးမားတဲ့ ပြဿနာလည်း မဟုတ်ဘူး။ ဒါ ကျွန်တော်တို့ နိုင်ငံတော်အစိုးရအနေနဲ့ ထည့်သွင်းစဉ်းစားသင့်တဲ့အချက်၊ ပြည်နယ်အစိုးရအနေနဲ့ ထည့်သွင်းစဉ်းစားသင့်တဲ့အချက် ဒါက အရေးကြီးဆုံးက ဘတ်ဂျက်ပဲ၊ ဒီဘတ်ဂျက်လည်း အခု နိုင်ငံတော်အစိုးရသစ်မှာ ကူညီမယ့်သူတွေကလည်း အဆင်သင့်ရှိတဲ့အတွက် ဒါတွေကျွန်တော်တို့ JICA စသည်ဖြင့်ပေါ့နော်၊ လာသမျှ လူတွေကို ဒီကိစ္စကို အလေးအနက်ထားပြီးတော့ စဉ်းစားပေးဖို့ တောင်းဆိုသွားမှာ ဖြစ်ပါတယ်။ ဒီအတွက် စိုးရိမ်ပူပန်စရာ မရှိပါဘူး။ တင်ပြဖို့ပဲ လိုပါတယ်ခင်ဗျား။ အားလုံးက ဒီလိုအခက်အခဲတွေရှိရင် ကျွန်တော်တို့ကို အခုလိုပဲ တင်ပြပေးဖို့ပဲ လိုပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၃။**

**ဦးကျော်ကျော်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ ကျွန်တော်က နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီရဲ့ အစီရင်ခံစာကို လွှတ်တော်သို့ ကျွန်တော် ဖတ်ကြားတင်သွင်းပေးပါမယ်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ်**
**စိစစ်တင်ပြခြင်းအစီရင်ခံစာ**

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၆
ရက်စွဲ၊ ၂၀၁၆ ခုနှစ် ၊ မေလ ရက်

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၄-၅-၂၀၁၆ ရက်နေ့မှာ ညှိနှိုင်းပြီးတော့ ဆွေးနွေးခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းကို လေ့လာစိစစ်ရာ မူလဥပဒေကို ၂၀၀၂ ခုနှစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ်(၈/၂၀၀၂)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဇယား(၂)နှင့်အညီ မန္တလေးတိုင်းဒေသကြီးလွှတ်တော်က မန္တလေးမြို့တော် စည်ပင်သာယာရေးဥပဒေကို ရေးဆွဲပြဋ္ဌာန်းပြီး ဖြစ်ပါသဖြင့် ဤဥပဒေကို ဆက်လက် ပြဋ္ဌာန်းရန် မသင့်တော်တဲ့အတွက်ကြောင့် ရုပ်သိမ်းပါကြောင်း လေ့လာတွေ့ရှိရပါတယ်။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မန္တလေးမြို့တော်စည်ပင်သာယာရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအပေါ် အသေးစိတ် ညှိနှိုင်းဆွေးနွေးခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ဥပဒေကြမ်းကော်မတီ

အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင်အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ မန္တလေးမြို့တော် စည်ပင်သာယာရေး ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ် ဖော်ပြလက်မှတ် ရေးထိုးပြီး ၃၁-၅-၂၀၁၆ (အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၃၁)ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန် အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၁)ရက်မြောက်နေ့ကို ၂၀၁၆ ခုနှစ်၊ မေလ ၂၇ ရက် (သောကြာနေ့) နံနက် ၁၀း၀၀ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၃၀)ရက်မြောက်နေ့ကို ၁၀း၂၅ နာရီအချိန်တွင် ရပ်နားပါသည်။]